## စုဒ္ဒသ ခန္ဓကဝတ် ပါဠိအနက်

စုဒ္ဒသ ခန္ဓကဝတ္တာနိ နာမ ခန္ဓကေ ဝုတ္တာနိ၊ ကထံ.... “အာဂန္တုကဝတ္တံ အာဝါသိကဝတ္တံ ဂမိကဝတ္တံ အနုမောဒနဝတ္တံ ဘတ္တဂ္ဂဝတ္တံ ပိဏ္ဍစာရိကဝတ္တံ အာရညိကဝတ္တံ သေနာသနဝတ္တံ ဇန္တာဃရဝတ္တံ ဝစ္စကုဋိဝတ္တံ ဥပဇ္ဈာယဝတ္တံ သဒ္ဓိဝိဟာရိကဝတ္တံ အာစရိယဝတ္တံ အန္တေဝါသိကဝတ္တဉ္စာ”တိ ဣမာနိ စုဒ္ဒသ ခန္ဓကဝတ္တာနိ၊ တောနိ စ သဗ္ဗေသံ သဗ္ဗဒါ စ ယထာရဟံ စရိတဗ္ဗာနိ။

---

စုဒ္ဒသ၊ တဆယ့်လေးပါးကုန်သော။ ခန္ဓကဝတ္တာနိ နာမ၊ ခန္ဓကဝတ် မည်သည်တို့ကို။ ခန္ဓကေ၊ မဟာဝါ စူဠဝါခန္ဓက၌။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်ပြီ။ ကထံ ဝုတ္တာနိ၊ အဘယ်သို့ ဟောတော်မူအပ်ကုန်သနည်း။

အာဂန္တုကဝတ္တဉ္စ၊ အာရာမ်တွင်းသို့ မဝင်မီ ဘိနပ်ချွတ်ခြင်း ထီးရုပ်ခြင်း ဦးခေါင်းခြုံကိုဖွင့်ခြင်း ဦးခေါင်း၌ တင်အပ်သော သင်္ကန်းကို ပခုံးသို့ချခြင်း အာဝါသိက ရဟန်းကြီးကို ရှိခိုးခြင်း စသော အာဂန္တုက ရဟန်းသာမဏေတို့ ပြုရာသောဝတ်ရင်း။

အာဝါသိကဝတ္တဉ္စ၊ အာဂန္တုက ရဟန်းကြီးကို မြင်လျှင် ခရီးဦးကြိုဆိုခြင်း သပိတ်သင်္ကန်းကို လှမ်းယူခြင်း အာဂန္တုက ရဟန်းကြီးကို ရှိခိုးခြင်း ခြေဆေးရေ ခြေဆေးအင်းပျဉ် စသည်ကို အနီး၌ထားခြင်း စသော အာဝါသိက ရဟန်း သာမဏေတို့ ပြုရာသော ဝတ်ရင်း။